မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အိန္ဒိယနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သြစတြေးလျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ်ကွင်တင်းဘရိုက်(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စဂျူလီယာဂေးလာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဇွဲကပင်မြေမှာ သီးနှံတွေ လှိုင်လှိုင်ဖြာဝေ

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ - သာညာဏ် (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၅

အံ့သြဖွယ်ကောင်းလေစွ၊ ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာအဝင် ယခင် မြေသားလမ်းကား ယခု ညီညာပြန့်ပြူးသော ကတ္တရာလမ်းကြီး ဖြစ်နေပေပြီ။ ဖွံ့ဖြိုးတိုးတက်မှုက တစ်ခေါက်နှင့်တစ်ခေါက် လိုက်၍ပင် မမီအောင် ဖြစ်ရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

ထုံးအိုင်ကျေးရွာနှင့် မိန်းမလှကျွန်းကျေးရွာတို့တွင် မြေပဲပြီး မြေပဲ နှစ်ကျော့ပြန်စိုက်ပျိုးထားသော မြေပဲခင်းများကလည်း စိုက်သလောက် အောင်မြင်ဖြစ်ထွန်းလှသည်ကို ဤသို့ မျက်မြင်တွေ့ခဲ့ရသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်)

ကချင်ပြည်နယ်မှ တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်။ နိုင်ငံတော်အတွင်း သဘာဝပထဝီအနေအထားအရ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် ရေအရင်းအမြစ်သယံဇာတများ ပေါကြွယ်ဝစွာ တည်ရှိလျက်ရှိသည်။

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ တာပိန်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဇန်နဝါရီလ ၂၃ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးလျှင် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀ ရှိ စက်လေးလုံးပါဝင်ပြီး စုစုပေါင်းတပ်ဆင် စက်အင်အား မဂ္ဂါဝပ် ၂၄၀ ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၀၆၅ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကချင်ပြည်နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၈ ခုအနက် ပထမဆုံး စတင်ဖွင့်လှစ်နိုင်သည့် စီမံကိန်းကြီးဖြစ်သည်။

အကျိုးကျေးဇူးအနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ အနီးပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ခြင်းနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်၌ ယခုဖွင့်လှစ်ခဲ့သည့် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၄ ရုံ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခုနစ်ရုံ စုစုပေါင်းဓာတ်အားပေးစက်ရုံ ၂၂ ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်၍ စုစုပေါင်း တပ်ဆင်စက်အင်အား ၂၇၅၆ မဂ္ဂါဝပ်အထိ တိုးတက်ရရှိလာခဲ့ပြီဖြစ်သည်။ ယခုအခါ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၁ ရုံရှိလာပြီး တပ်ဆင်စက်အင်အားမှာ ၃၁၈၅ မဂ္ဂါဝပ်ရှိလာပြီဖြစ်သည်။

သို့ဖြစ်ပေရာ တိုးတက်လာသော လျှပ်စစ်စွမ်းအားများကို တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် စက်မှုစီးပွားလုပ်ငန်းများဖွံ့ဖြိုးရေးတွင် စနစ်တကျအသုံးချ လုပ်ကိုင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမ်း၊ မြေပုံနှင့် မင်းပြားမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အမ်း-စစ်တွေကားလမ်း၌ လမ်း၊ တံတားများ ကြံ့ခိုင်မှု၊ အမ်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းပိုင်း မဲတောင်ရှောင်ကွင်း လမ်းဖောက်လုပ်နေမှုနှင့် လမ်းအကျယ်ချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြေပုံမြို့ ကမ်းနားလမ်းသင်္ဘောဆိပ်၌ ဈေးဆိုင်ခန်းအသစ် တည်ဆောက်နေမှု၊ ကမ်းနားလမ်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြို့တွင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၉ ရက်တွင် မင်းပြားမြို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးဝင်းအတွင်း ကျင်းပသော ဂီရိမုန်တိုင်းဒဏ်ခံ ရေလုပ်ငန်းပြန်လည်ထူထောင်ရေး ငါးဖမ်းလှေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ရေလုပ်သားများထံ ငါးဖမ်းလှေနှင့်ငါးဖမ်းကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဟောပြောပွဲနှင့်

လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင် အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး (ဝဲပုံ) မှော်ဘီမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထိုက်စိုးနှင့် အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးဗိုလ်မြတို့က လက်တွေ့ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

Rammar Chariot Micro Bus
မန္တလေးမြို့ ကုန်စည်ပြပွဲတွင် ရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည့် ကုန်စည်ပြပွဲကြီး၌ Chariot Micro Bus မော်တော်ယာဉ်များကို ဈေးနှုန်းလျှော့ချ ရောင်းချပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ထင်ရှားသော ကုန်အမှတ်တံဆိပ်များ၏ လူသုံးကုန်များနှင့် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရောင်းချ

ပြပွဲကာလအတွင်း ရမ္မာမော်တော်ယာဉ်များကို ယခင်ရောင်းဈေးထက် ငွေကျပ် သိန်း ၈၀ ဈေးလျှော့ပြီး Grade-I ငွေကျပ် သိန်း ၅၅၀၊ Grade-II ငွေကျပ် သိန်း ၅၀၀ နှင့် Grade-III ငွေကျပ် သိန်း ၄၅၀ သတ်မှတ် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရွှေ၊ ငွေ၊ ဖြူ၊ ပြာ၊ နက်နှင့် အောက်ခံခဲရောင်ပတ် ဒီဇိုင်းအပါအဝင် ၁၀ မျိုး ပွဲထုတ်ပြသမည်ဖြစ်ရာ ဝယ်ယူပြီး မော်တော်ယာဉ်များကို အချိန်စောင့်စရာမလိုဘဲ ချက်ချင်းထုတ်ပေးသွားရန် စီစဉ်ထားကြောင်းနှင့် လိုင်စင်ဝင်ရန် နေ့ချင်းပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူ

ရမ္မာမော်တော်ယာဉ်များ ပြင်ဆင်ပြုပြင်ခြင်းကို တစ်နှစ်အာမခံဖြင့် ပြင်ဆင်ပြုပြင်ပေးမည်ဖြစ်ပြီး ဆက်သွယ်ဝယ်ယူလိုပါက အမှတ် ၅၃/၅၄ စက်ဆရာဦးထွန်းလမ်း ရွှေပြည်သာ စက်မှုဇုန်(၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ ကိုယ်တိုင် လာရောက် လေ့လာဝယ်ယူနိုင်ကြောင်း၊ ဖုန်း-၆၁၈၃၇၇ နှင့် ၆၁၈၃၈၈၊ ဖက်စ်-၆၁၈၃၂၂၊ e-mail: rammarcar@ goldenland. com.mm နှင့် Website: www. rammarautomobile.com.mm သို့လည်း ဆက်သွယ်ဝယ်ယူ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး
ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

အင်းစိန်မြို့နယ် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက အမှာစကားပြောကြားပြီးနောက် ဆေးပဒေသာပင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက လက်ခံယူသည်။(**အပေါ်ပုံ**) စေတနာရှင်အလှူရှင်များက အလှူငွေနှင့် ဆေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၇၃၀၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အင်ပင်လှကျေးရွာ အလက ပညာရေးစုံညီပွဲတော် ကျင်းပ

သဲကုန်း ဇန်နဝါရီ ၂၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို သဲကုန်းမြို့ အင်ပင်လှကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားကို ပြည်မြန်မာသီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ညောင်ကုန်းကြီးကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အင်ပင်လှကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်တို့က အမှာစကားပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ဝမ်မိုင်ကျေးရွာ ရေပေးရေးကန်ကို ရေပေးဝေမှု ပုံမှန်လည်ပတ်မှုရှိစေရေးအတွက် ဇန်နဝါရီ ၁၀ ရက်က မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အိန္ဒိယနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးမစ္စတာ အက်စ် အမ် ကရစ်ရှနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာကယ်ဗင် မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နယ်စပ်/စည်ပင် ဝန်ကြီး ဦးသိန်းညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ရွှေစစ်သည် အမက အလကအဆင့် တိုးမြှင့်ဖွင့်လှစ်

မိတ္ထီလာ ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)ဦးဆောင်၍ ပြည်တွင်း ပြည်ပ အလှူရှင်များ ဆောက်လုပ်လှူဒါန်းခဲ့သော အမှတ်(၁၂)အခြေခံပညာ မူလတန်းကျောင်းအား အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ရွှေစစ်သည် ကျေးရွာ အမှတ်(၁၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်၊ တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးမြင့်ဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အလှူရှင်များကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား) ဦးစိုးညွန့်၏ ဇနီး ဒေါ်လှယဉ်ယဉ်စိုးတို့က ကျောင်းဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ သင်ထောက်ကူပစ္စည်းများကို အလှူရှင်များကိုယ်စား ဒေါ်လှယဉ်ယဉ်စိုးက ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ဝဲပုံ)** ယခု လွှဲပြောင်းပေးအပ်သော သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများမှာ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ မာတီမီဒီယာသုံးပစ္စည်းများ၊ သိပ္ပံပစ္စည်းများ၊ ကျောင်းသုံးတူရိယာပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇေယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **မြူးမြူးကြွကြွ ယဉ်ကျေးမှုအက**
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ **ရင်နှစ်ပန်းတို့လန်းစေချင်**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ သီချင်းကြီးပဒေသာ
- ၅:၁၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၂၀ ၈။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ **မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့**
- ၆:၄၅ ၁၂။ ရွှေရင်ခုန်သံ
- ၇:၁၅ ၁၃။ **ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်**
- ၇:၄၅ ၁၄။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
  - ၁၆။ နိုင်ငံတကာသတင်းများ
  - ၁၇။ မိုးလေဝသအခြေအနေ
  - ၁၈။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၀)
  - ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၀)
  - ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **အိပ်မက်အပိုဒ်ခွဲ(၉)** ခန့်စည်သူ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဩဘာ)
  - ၂၁။ အစီအစဉ်ပြီး၏။

◆ *ကျော့ဖုံးမှ*

တိုယိုတာသည် ၂၀၀၈ ခုနှစ်မှစပြီး ဗြိုင်ဘက်အမေရိကန်ကားထုတ်လုပ်ရေး ဂျီအမ် ကုမ္ပဏီထက် သာလွန်ကာ ကားအများဆုံးထုတ်လုပ်သည့် ကုမ္ပဏီကြီးအဖြစ် ကျော်ဖြတ်ရယူခဲ့သည်။ ယင်းမှာ အမေရိကန်ကားကုမ္ပဏီဂျီအမ်က နှစ်ပေါင်း ၈၀ ကြာ ကားအများဆုံးထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီအဖြစ် စိုးမိုးထားခြင်းကို ဖြတ်ချနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

သို့သော်လည်း အကျိုးအမြတ်ထက် အရည်အသွေးသည်သာ အဓိကဖြစ်ကြောင်း၊ နံပါတ်တစ် အရောင်းသည် မိမိတို့အတွက် အရေးမကြီးကြောင်း၊ လူထုနှစ်ခြိုက်အားပေးမှုသည်သာ အရေးကြီးကြောင်း တိုယိုတာကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ ပေါလ်နာလက်စကိုက ပြောကြားပြီးနောက် ကွန်ပျူတာစနစ်၏ ချွတ်ယွင်းချက်ကြောင့် ကမ္ဘာတစ်ဝန်း မော်တော်ကား ၁၀ သန်းကျော် ပြန်သိမ်းပြုပြင်ပေးခဲ့မှုများ ပြုလုပ်ပေးခဲ့သည်။ တိုယိုတာ၏ ရောင်းအားမှာ မြောက်အမေရိကတိုက်၌ အများဆုံးဖြစ်ပြီး ကားအရောင်းမှာ ၂၀၁၀ခုနှစ်အတွင်း ၁ ဒသမ ၉၄ သန်းရှိခဲ့သည်။

ဆန်းသစ်သော မော်ဒယ်အမျိုးအစားကြောင့် ၂၀၁၀ ခုနှစ်အတွင်း တိုယိုတာကုမ္ပဏီက ကမ္ဘာတစ်ဝန်း ကားစီးရေ ယမန်နှစ်ကထက် ၂ ဒသမ ၂၀ သန်း ပို၍ ရောင်းချနိုင်ခဲ့သည်ဟုဆိုသည်။ ***(အင်တာနက်)***

အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ သတ္တမတန်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် မြို့နယ်အဆင့် ပထမဆုနှင့် ဆဋ္ဌမတန်း ပညာရည်ချွန်ဆု(ထူးချွန်) ပထမဆုရရှိသူ မစုရည်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အမေရိကန်တွင် ရေပိုက်လိုင်းကျိုးပေါက်၍ ပျက်စီးမှုများဖြစ်ပွား

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်နိုင်ငံ ပရင့်စ်ဂျော့ချ်စီရင်စုရှိ မြို့ပတ်လမ်းမအနီး မြို့ရေပေးရေး အဓိကရေပိုက်လိုင်းတစ်ခု ကျိုးပေါက်ခဲ့၍ ဂါလန်ပေါင်းသန်း ၅၀ ပမာဏရှိသည့် ရေများ ပန်းထွက်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အဆောက်အအုံတစ်လုံးပျက်စီးခဲ့ပြီး စတိုးဆိုင်များနှင့် မော်တော်ကားများလည်း ရေထဲမြောပါ ထိခိုက်ပျက်စီးခဲ့ရကြောင်း အင်တာနက်တွင် ဇန်နဝါရီ ၂၄ ရက်က သတင်းဖော်ပြသည်။ (အောက်ပုံ)

၅၄ လက်မအရွယ်ရှိ ယင်းရေပိုက်မှာ ရစ်ချီဘိုကိုလမ်းနှင့် ၂၁၄ လမ်းမကြီးအကြား ပြည်နယ်ချင်းဆက်သွယ်လမ်းအမှတ် ၉၅ အနီးရှိ ပိုက်လိုင်းနေရာမှ ဇန်နဝါရီ ၂၄ ရက်က ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ရေခဲပြင်

ကားလမ်းအချို့နေရာများတွင် ဖုံးလွှမ်းနေသည့် ရေထုအမြင့်မှာ သုံးပေခန့်ထိရှိကြောင်း၊ ရာသီဥတုမှာ အအေးဓာတ် ပိုကဲသောကြောင့် စီးကျခဲ့သည့် ရေများမှာ အေးခဲ၍ ကားလမ်းပေါ်တွင် ရေခဲပြင်ကြီးတစ်ခု ဖြစ်နေကြောင်းလည်း သတင်းအချို့တွင် ဖော်ပြထားသည်။

မည်သည့်အတွက်ကြောင့် ရေပိုက်ပေါက်ကွဲခဲ့ရသည်ကို အသေးစိတ်စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုကို မသိရှိရသေးကြောင်း ဝါရှင်တန်မြို့စည်ပင်သာယာရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်အရှေ့ပိုင်း လာဟိုးမြို့၌ အသေခံဗုံးခွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ အသေခံဗုံးခွဲ၊ ၁၃ ဦးသေဆုံး

လာဟိုး ဇန်နဝါရီ ၂၅

ပါကစ္စတန် အရှေ့ပိုင်း လာဟိုးမြို့၌ ဇန်နဝါရီ ၂၅ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦးသေဆုံးပြီး ၅၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန် လုံခြုံရေးတာဝန်ရှိသူများက တိုက်ခိုက်ရေးသမားများ လှုပ်ရှားနေသည့် ဒေသများကို လုံခြုံရေးတိုးမြှင့်ရန် ကြိုးစားနေချိန် ထိုသို့တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များကင်းလှည့်လာသော ယာဉ်တန်းအနီးအသက် ၁၃နှစ်အရွယ်ရှိ ယောကျာ်းလေးတစ်ဦး ပြေးဝင်ရောက်လာပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း၊ ၅၂ ဦးဒဏ်ရာရခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဂျပန်တိရစ္ဆာန်ရုံမှ မျောက်ရိုင်းတစ်ကောင်လွတ်နေ မြို့လူထုအား အရေးပေါ် နှိုးဆော်ချက်ထုတ်

တိုကျို ဇန်နဝါရီ ၂၅

ဂျပန်နိုင်ငံ မီရှီမာမြို့ရှိ တိရစ္ဆာန်ရုံမှ လွတ်သွားခဲ့သည့် မျောက်တစ်ကောင်မှာ မြို့တစ်ခွင် သောင်းကျန်းလျက်ရှိပြီး ၎င်းမျောက် အကိုက်ခံရသည့် လူဦးရေမှာ ၁၂၀ ခန့်အထိ ရှိခဲ့ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် အေပီသတင်း၌ ဖော်ပြထားသည်။

ထုတ်ပြန်ထား

ဂျပန်မြို့များရှိ အပန်းဖြေဥယျာဉ်ပန်းခြံများတွင ကျင်လည်လျက်ရှိသည့် ၎င်းမျောက်ကြောင့် မြို့နေလူထုအား အရေးပေါ်နှိုးဆော်ချက် ထုတ်ပြန်ထားရသည်။

လွတ်မြောက်

မီရှီမာမြို့မှ အရာရှိတစ်ဦးက လပ်ကီးဟု အမည်ပေးထားသည့် ၎င်းမျောက် **(ယာပုံ)**သည် ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းက တိရစ္ဆာန်ရုံမှ လွတ်မြောက်သွားခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးက လှောင်အိမ်ကို သန့်ရှင်းရေးပြုလုပ်စဉ် ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနသို့ ပြောကြားခဲ့သည်။

မာကာကျုမျောက်

ယင်းဝရမ်းပြေးမျောက် လပ်ကီးသည် နို့တိုက်သားရဲတိရစ္ဆာန်ရိုင်းမျိုးနွယ်ဝင် မာကာကျု မျောက်မျိုးဖြစ်ကြောင်း သိရသည်။ **(အေပီ)**

ဘရာဇီး၌ ရေလွှမ်း၊ လူ ၈၀၀ ကျော်သေဆုံးခဲ့

ဘရာဆီးလီးယား ဇန်နဝါရီ ၂၅

ယခုလအတွင်း ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နိုင်ငံအရှေ့တောင်ပိုင်းတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် လူ ၈၀၀ ကျော် သေဆုံးပြီး ၄၀၀ ကျော် ပျောက်ဆုံးနေကြောင်း ဘရာဇီးကာကွယ်ရေးဌာန အရာရှိများက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ခြေလျှောတစ်ခုလုံး ပြိုကျသဖြင့် လူ ၄၀၀ ကျော် ပျောက်ဆုံးနေရခြင်းဖြစ်သည်။ ပြည်သူများအား အန္တရာယ်ကြိုတင်သတိပေးစနစ်များ ထူထောင်ပေးမည်ဟု ဘရာဇီးအစိုးရက ကြေညာခဲ့သည်။ ယခုတစ်ကြိမ် ရေလွှမ်းမှုမှာ ယင်းနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည်ဟုဆို၏။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် – စုစည်းသည်

အမေရိကန်၏ အအေးလွန်ကဲသည့် ဆောင်းရာသီမြင်ကွင်း။

အမေရိကန်၌ အအေးလွန်ကဲ နှစ်ဦးသေဆုံး၊ စာသင်ကျောင်းများပိတ်ထားရ

နယူးယောက် ဇန်နဝါရီ ၂၅

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းနယ်မြေများတွင် ကြောက်မက်ဖွယ်ကောင်းအောင် အအေးလွန်ကဲလျက်ရှိကြောင်း၊ အရိုးကွဲမတတ်အေးစက်ခြင်းဒဏ်ကြောင့် ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေ နှစ်ရက်တာအတွင်း သေဆုံးသူနှစ်ဦးရှိခဲ့ကြောင်း ဇန်နဝါရီ ၂၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြထားသည်။ (ဝဲပုံ)

အအေးပြင်းထန်နေသည့် ယင်းနယ်မြေတစ်ဝန်းလုံးတွင် အပူချိန်မှာ သုညအမှတ်အောက် ၂၅ ဒီဂရီအထိ ကျဆင်းနေသဖြင့် စာသင်ကျောင်းများ ပိတ်ထားရဆဲဖြစ်ကြောင်း၊ လူများသည် နေအိမ်တံခါးများ အလုံပိတ်ကာ နေထိုင်ရလျက်ရှိကြောင်း သိရသည်။

တွေ့ရှိခဲ့

ဖီလာဒဲလ်ဖီးယားပြည်နယ်အနောက်မြောက်ဘက် မိုင် ၉၀ ခန့်အကွာ လန့်စ်ဖို့ဒ်မြို့၌ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး အအေးဒဏ်ကြောင့် သေဆုံးခဲ့သည်။ ကားအတွင်း၌ အိပ်ပျော်နေရင်း သေဆုံးခဲ့သည်ကို ၎င်း၏ဇနီးဖြစ်သူက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင်လည်း ကားတစ်စီးအတွင်း အေးခဲနေသည့် အမျိုးသမီးအလောင်းတစ်လောင်းအား တွေ့ရှိခဲ့ရကြောင်း၊ ယင်းအမျိုးသမီးသည် စနေနေ့ ညပိုင်းက အပူချိန်သုညအမှတ်အောက်သို့ ရောက်ရှိနေချိန်၌ ကားမောင်းပြီး အိမ်ပြန်ခဲ့သဖြင့် အိမ်အပြန်လမ်းတစ်ဝက်တွင် သွေးခဲ၍ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

(အင်တာနက်)

မနီလာမြို့၌ ဘတ်စ်ကားဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

မနီလာ ဇန်နဝါရီ ၂၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇန်နဝါရီ ၂၅ ရက်က ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခရီးသည်နှစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မနီလာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အမြန်တင်ပို့

ဘတ်စ်ကားဗုံးပေါက်ကွဲမှုမှာ မနီလာမြို့ စီးပွားရေးလုပ်ငန်းများရှိရာအရပ်၌ဖြစ်ပြီး ၎င်းနေ့ မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်တင်ပို့ပေးခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်ကြောင်း ပြောကြားနိုင်ခြင်းမရှိသေးဟု ရဲတပ်ဖွဲ့က ပြောကြားသည်။(ယာပုံ) (အင်တာနက်)

ဗီယက်နမ်၌ A(H1N1) တုပ်ကွေးဖြစ်ပွားမှု ကူးစက်ခံရသူ ၂၆ ဦးအထိ တိုးလာ

ဟနွိုင်း ဇန်နဝါရီ ၂၅

ဗီယက်နမ်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါကြောင့် ရောဂါကူးစက်ခံရသူ ၂၆ ဦးရှိပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားချက်ကို ဗီယက်နမ်နယူးအေဂျင်စီက ကိုးကားဖော်ပြလိုက်သည်။

ဖြစ်ပွား

ထိုသို့ တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာတွင် ဟိုချီမင်းမြို့၌ ၁၅ ဦး၊ ဟနွိုင်း၌ ၁၀ ဦးနှင့် တောင်ပိုင်းလောင်းအန်ပြည်နယ်တွင် တစ်ဦးဖြစ်ပွားလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲ တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်းပြခန်းများမုခ်ဦးကို တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာသို့ ရောက်ရှိပြီး Cyclone Shelter တည်ဆောက်ပြီးစီးမှုနှင့် နည်းပညာအထက်တန်းကျောင်းဖွင့်လှစ်၍ ပညာသင်ကြားပို့ချနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား ချီးမြှင့်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ရေချိုရေစုကန်၌ ရေသိုလှောင်ထားရှိမှုနှင့် ရေချိုရေစုကန်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရာတော်မြို့နယ် သလဲဘာကျေးရွာ၌ အေးချမ်းသာယာ မူးမြစ်ကူးတံတားဖွင့်ပွဲကျင်းပ

အရာတော် ဇန်နဝါရီ ၂၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာတွင် အေးချမ်းသာယာ မူးမြစ်ကူးတံတားဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါတံတား၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်သန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် တံတားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌဦးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ဆက်သွယ်ထား

အဆိုပါ တံတားသည် သလဲဘာကျေးရွာအုပ်စု၊ ဆင်တလည် ကျေးရွာအုပ်စုနှင့် ညောင်ခြေထောက်ကျေးရွာအုပ်စု၊ မကျီးဇောက်ကျေးရွာအုပ်စု၊ ဝက်လက်မြို့နယ်မှ သရက်ချို၊ ကျောက်ကုန်း၊ စစ်ကိုင်းမြို့နယ်မှ ရွှေစည်းခုံ၊ သာစည်လေး၊ မင်းရွာ၊ ကျည်ကုန်း၊ ပေါင်းမကျေးရွာများသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် အဓိကတံတားဖြစ်သည့်အပြင် အရာတော်မြို့နယ်၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းမြို့နယ်များသို့ အဓိက ဆက်သွယ်ထားသော တံတားဖြစ်သည်။

တံတားအရှည်မှာ ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ပေရှိ၍ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းပါဝင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ဝ၄၀)**

ရေတာရှည်၌ အထူးစံပြကွက် စိုက်ပျိုးပြသ

ရေတာရှည် ဇန်နဝါရီ ၂၅

တောင်ငူခရိုင် ရေတာရှည်မြို့နယ် အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ် (၁၅၈/၁) ကွင်းအမှတ် (၆၆၇-ခ)၌ ရေတာရှည်ဇုန် တစ်ဧက ကြံတန် ၆၀ ထွက်ရှိရေး အထူးစံပြကွက်စိုက်ပျိုး သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သရုပ်ပြပွဲသို့ ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကြံသီးနှံလုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးပြေအေး၊ ဒုတိယဇုန်တာဝန်ခံဦးညွန့်လှိုင်၊ ခရိုင်တာဝန်ခံဒေါ်လှဲ့လှဲ့ဝင်း၊ မြို့နယ်တာဝန်ခံဦးဝင်းမြင့်နှင့် ကြံစိုက်တောင်သူများ တက်ရောက်ကြပြီး ကြံစိုက်တောင်သူများအား တစ်ဧက ကြံတန် ၆၀ထွက်ရှိရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၂၁၄)**

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ပဲခူးဒေသကောလိပ်၊ ပဲခူးကောလိပ်၊ ပဲခူးဒီဂရီကောလိပ်တို့မှ အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ပဲခူးဒီဂရီကောလိပ် (P) ဆောင်၌ ကျင်းပသည်။

လက်ဆောင်ပေးအပ်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းဝင်းက သြဝါဒစကားပြောကြားပြီး အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမိုးဝင်းက ပူဇော်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးတင့်လွင်၊ အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် မအေးအေးသင်းတို့က အမှတ်တရနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ထို့နောက် ဘဏ္ဍာရေးမှူး ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခဆရာမကြီး ဒေါ်သန်းသန်းထွဋ်က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီး အငြိမ်းစား ဆရာ ဆရာမကြီး ၁၅၀ အား ပူဇော်ကန်တော့ကြကာ အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနေ့ညတွင် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကိုလည်း ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(၁၄၅)**

သုံးခွမြို့ (၁၁)ရပ်ကွက် ဓမ္မစေတီလမ်း အမှတ်(၁)နေ ဦးဆိုက်ကျင်(မြို့မ) (၉၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။(ကင်ဆာဖောင်ဒေးရှင်း)**

ထန်းတပင်မြို့နယ် ရိုးခွ အလက ပညာရည်ချွန်ဆု ချီးမြှင့်

ထန်းတပင် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် (ရိုးခွ) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အဆိုပါကျောင်း၌ ဇန်နဝါရီ၁၈ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ အတန်းလိုက် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ဒုတိယတန်းမှ ကျောင်းသူ မယွန်းမြတ်သူအား အခြေခံပညာ အလယ်တန်းကျောင်း(ရိုးခွ) ကျောင်းအုပ်ဆရာကြီး ဦးလွင်ပင်က ဆုချီးမြှင့်သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးဦးကျော်တင့်၊ ထန်းတပင်မြို့နယ် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၊ မိဘဆရာအသင်း နာယကများနှင့် ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၈၃)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျီတော်ကုန်းရပ်ကွက်၌ အချင်းရှစ်လက်မရှိ စက်ရေတွင်းတူးဖော်နေမှုကို ဇန်နဝါရီ ၁ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

26-1 (05).pmd 1 1/26/2011, 2:01 AM

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာ ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပြသမည့်ပြပွဲတစ်ခုဖြစ်သော Education, Living & Health Care Exhibition ပြပွဲကို Jade Crown Organizing Group က ကြီးမှူး၍ Shine Construction ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ပါဝင်ပြသ

အဆိုပါပြပွဲတွင် နာမည်ကျော် ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော Shine Construction, ILBC, KMD, HORIZON, TOTAL, NELC, SR Education, Nexus English Language Centre၊ ပညာရွှေအိုး၊ ACA ပညာ့ရိပ်ငြိမ်ဘော်ဒါ၊ MST Computer Centre, MPEC, Global Net, Strategy First, OESC, Study Abroad, Techno Point Engineering Training Centre, Green Light Pre-School, Columbus Health Care Service, Samitivej ဆေးရုံ (Bangkok), Pararam-9 ဆေးရုံ (Bangkok), Keen Cie Health Care Service, Apollo Hospital Group၊ ရွှေမြန်မာတိုင်းရင်းဆေး၊ သဘာဝသုခတိုင်းရင်းဆေး၊ Latest Fashion Shop နှင့် Book For You စာအုပ်ဆိုင်တို့မှ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါပြပွဲကို ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် ကုမ္ပဏီအသီးသီးမှ တင်ဆက်သည့် အရောင်းမြှင့်တင်ရေးအစီအစဉ်များ၊ အထူးအစီအစဉ်များကို ပါဝင်လေ့လာနိုင်မည် ဖြစ်သည်။

Education, Living & Health Care Exhibition ပြပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့် Jade Crown Organizing Group တည်ရှိရာ အမှတ်(၂၀၄) ပထမထပ် ၃၉ လမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၉၈၅၉၃၊ ၀၁-၇၃၁၃၈၅၉၃ နှင့် ၀၉-၈၆၃၀၄၄၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ပွဲ ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၅

တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ယူလျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၄ရက်နံနက် ၁၀ နာရီက နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ယူလျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၁၉ ဦး၊ အခြေခံပညာကျောင်းသား ကျောင်းသူ ၆၃၄ ဦးတို့အား ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပရာ ၂၀၁၀ တက္ကသိုလ်ဝင်တန်းမှ ငါးဘာသာဂုဏ်ထူးရရှိသူ မောင်ကျော်ဇောဟိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

မော်တော်ယာဉ်နှင့် အပိုပစ္စည်းပြပွဲတွင် စက်သုံးဆီ၊ ချောဆီ ပြခန်းပါဝင်ပြသခဲ့

ရန်ကုန် ဇန်နဝါရီ ၂၅

DIAMOND STEEL Co., LTD. သည် UNIL- Opal Lubricants စက်သုံးချောဆီ(အင်ဂျင်ဝိုင်)များကို ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ကျင်းပသော Automobile & Autoparts Expo 2011 ပြပွဲတွင် ပါဝင်ခင်းကျင်းပြသခဲ့သည်။

(အောက်ပုံ)

UNIL- Opal Lubricants (ပြင်သစ်) စက်သုံးဆီချောဆီ (အင်ဂျင်ဝိုင်)တွင် ဒီဇယ်သုံးကားများအတွက် CF4, CG4, CH4 တို့နှင့် Grade မျိုးစုံ 5 W30, 5 W40, 10 W30, 10 W40 တို့မှာ ကားသစ်များအတွက် အထူးသင့်လျော်သော 100% Fully Synthetic Oil များဖြစ်သည်။ ပုံမှန်မြို့တွင်းသုံးကားများအတွက်လည်း 15 W40, 20 W50, Multi Grade အင်ဂျင်ဝိုင်များနှင့် ဒီဇယ်သုံးကားများအတွက် CH4 Grade အထိနှင့် Water Coolar Auto Transmission Gear Oil (Dexron II) နှင့် Hydraulic Oil (Hsm - 68/ HSM-46) အင်ဂျင်ဝိုင်များကို 1 Lit, 4 Lit, 5 Lit , 25 Lit မှ 220 Lit အထိ ပြသခဲ့သည်။

Mercedes Benz, Capella, Volvo, Cumin ကားကုမ္ပဏီများမှ ထောက်ခံချက်ရရှိထားသော အင်ဂျင်ဝိုင်ဖြစ်ပြီး UNIL- Opal အင်ဂျင်ဝိုင်များအကြောင်းကို w.w.w.unil.opal.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည့်အပြင် ရုံးချုပ် DIAMOND Steel Co.,Ltd. ဖုန်း-၀၉-၈၆-၂၁၃၀၀၊ ၀၉-၅၁-၉၄၃၉၆၊ ၇၂၇၈၉၈ နှင့် ၇၂၇၅၄၃ တို့တွင်လည်းကောင်း၊ တာမွေအရောင်းဆိုင်(အခွန်လွတ်ဈေး) စံပယ်ဆောင်(၃) အခန်း(၆) ကျိုက္ကဆံကားပစ္စည်းဝင်း ဖုန်း-၄၀၀၉၄၀ နှင့် ၇၂၆၈၆၉၊ ကိုယ်စားလှယ်အရောင်းဆိုင် ကိုသိန်းဇော်နှင့်တူများ (ဘုရင့်နောင်ဈေး) ဖုန်း-၆၈၀၆၁၄၊ ၆၈၂၇၃၃ နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကားပစ္စည်းအရောင်းဆိုင်များတွင်လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာတန်ဆောင်စာကြည့်တိုက် မအီမြို့၌ဖွင့်

မအီ ဇန်နဝါရီ ၂၅

မအီမြို့နယ် ပဒါကျေးရွာ ပညာတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ တောင်ကုတ်မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မအီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတရသစာအုပ်စာစောင်နှင့် ရေဒီယိုများ လှူဒါန်းကြသည်။

အဆောက်အအုံ

အဆိုပါစာကြည့်တိုက်အဆောက်အအုံ၏ အကျယ်အဝန်းမှာ ၂၄ပေ× ၁၅ပေ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာ၊ အုတ်ခုံခံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ ဒီဇင်ဘာ ၄ ရက်က ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ စီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးငွေဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

ရင်ခုန်သံပြင်းရှခဲ့သည့် အကယ်ဒမီညမြင်ကွင်းအစုံစုံ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၃)ကို ဖြန့်ချိလိုက်သည်။

ဒေါက်တာနေဇင်လတ်၏ ဆင်ခြင်နိုင်စွမ်း၊ စင်ကာပူတက္ကသိုလ်နှင့် ပေါ်လီတက္ကနစ်များ ကျောင်းလခတိုးမြှင့်ကြောင်း ကြေညာ၊ မြန်မာတွေပါတဲ့သဘော်ကို ဆိုမာလီ ပင်လယ်ဓားပြများလက်ထဲက တောင်ကိုရီးယားကွန်မန်ဒိုတွေက ကယ်တင်၊ အာဖဂန်နစ္စတန်တွင် အမေရိကန်ရေတပ်မှ ၂၀၁၁ ခုနှစ်တွင် ပထမဆုံးကျဆုံးခဲ့သည့် ရေတပ်သားသည် မြန်မာနိုင်ငံတွင် မွေးဖွားသူဖြစ်၊ မလေးရှားပြည်ဝင်ခွင့် ဗီဇာအတုပြုလုပ်သည့် အေဂျင်စီ ၁၂ ခုကို သက်ဆိုင်ရာမှ စစ်ဆေးပြီ၊ GSM ဖုန်းများ နိုင်ငံတကာသို့ သယ်ဆောင်အသုံးပြုနိုင်တော့မည်၊ ငွေကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို MODEM ဖြင့် ကွန်ပျူတာချိတ်ဆက် အင်တာနက်အသုံးပြုနိုင်ပြီ၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇၆ ခုရောင်းချမည်၊ မြန်မာ-ဂျပန် နှစ်နိုင်ငံကားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံတွင် ကားများထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနေ၊ အီရန်နိုင်ငံက တစ်နှစ်အတွင်း စစ်တိုက်ရန်အသင့်ရှိမည်၊ ဟစ်ဖ်ဘိုလာဒိုးကျည် တဲလ်အဗစ်ကိုထိရန် စက္ကန့် ၉၀ သာလို၊ ပြင်သစ်တပ်ဖွဲ့များအား အာဖဂန်မှမရုပ်သိမ်းလျှင် ပြင်သစ်ဓားစာခံများအား သတ်ပစ်မည်ဟု ဘင်လာဒင်က ဗီဒီယိုတိပ်မှ သတိပေး စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

26-1 (06).pmd 1 1/26/2011, 2:01 AM

ကျောက်ပန်းတောင်းမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံမြောက်ကျေးရွာအုပ်စု ကျောက်ပုံမြောက်ကျေးရွာ၌ နတ်ကန်လည်-ကျောက်ပုံ ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ (ဓါတ်ပုံ) ကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းကကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

ကူညီပံ့ပိုး

ထို့နောက်အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းက ကျောက်ပန်းတောင်းမြို့နယ်အတွင်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်စက်မှုအခန်းကဏ္ဍမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် နတ်ကန်လည်-ကျောက်ပုံ ကျောက်ချောလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

လွယ်ကူချောမွေ့

အဆိုပါနတ်ကန်လည်-ကျောက်ပုံ ကျောက်ချောလမ်းသစ်သည် လမ်းအရှည်၁၈မိုင်ရှိသောပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးရေးလမ်းဖြစ်သည့် ဆုံကုန်း-နတ်ကန်လည်-ကျောက်ပုံ ကျောက်ချောလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်ပြီး ယခုအခါ ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းရှိ ဆုံကုန်း -ဆင်ဆင်း -နတ်ကန်လည်-ဆည်-လျှော်တော-လွန်အိုင်-ဝက်မထောက်-ကျောက်ပုံတောင်-ကျောက်ပုံမြောက် ကျေးရွာများမှ ဒေသခံ ပြည်သူများသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့် မန္တလေးမြို့များသို့ လွယ်ကူချောမွေ့စွာ သွားလာရောင်းဝယ်နိုင်ကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Delight Trading Co., Ltd. အရောင်းပြခန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၅

Delight Trading Co., Ltd. အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)တိုးချဲ့ရပ်ကွက် ငါးမာန်အောင် ဘုရားလမ်း အမှတ်၃၈-၃၉ရှိ အဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် Delight Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစောထွန်းဝေနှင့်ဦးကျော်ဌေး(ဝင်းသန်းဌေးမင်းကုမ္ပဏီလီမိတက်) တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက စက်ခလုတ်နှိပ်၍လည်းကောင်း အရောင်းပြခန်းကို ဖွင့်လှစ်ပေးကြသည်။

ရောင်းချပေး

အဆိုပါပြခန်းတွင် လေမှုတ်စက်များ၊မီးစက်များ၊ရေပန့်များ၊မီးမြှင့်စက်များနှင့် ဘိုးပိုင်တူးစက်တို့ကို ရောင်းချပေးမည်ဖြစ်သည်။

ဝယ်ယူနိုင်

လေမှုတ်စက်များကို တရုတ်(တိုင်ပေ)လုပ် Puma Compressor များ၊ တရုတ်နိုင်ငံလုပ် အဆင့်မြင့် Jaguar Air Compressor များကို အသေးစား လေမှုတ်စက်လေးများမှသည် စက်ရုံသုံးလေမှုတ်စက်ကြီးများအထိ ရရှိနိုင်ပြီး မီးစက်များတွင် ဂျပန်နိုင်ငံလုပ် Denyo အမှတ်တံဆိပ် Sound Proof Generator များ၊ တရုတ်နိုင်ငံလုပ် Yihua , Delight Generator များကိုလည်း အရည်အသွေးအဆင့်အတန်းမီ စိတ်ချယုံကြည်စွာ ဝယ်ယူရရှိနိုင်သည်။

တရုတ်နိုင်ငံလုပ် ဝရိန်စက်၊ဖိုအားထိန်းစက်၊ Piling Machine၊Bored Pile Drilling Machine နှင့် Tube Well Drilling Machine များ၊ Po- Seng တံဆိပ် PVC ရေပိုက်များလည်း ဝယ်ယူနိုင်သည်။

ဝယ်ယူသုံးစွဲမည့် Customer များအတွက် နှစ်သစ်ကူးအရောင်းမြှင့်တင်ရေးကာလအဖြစ် ဇန်နဝါရီလမှမတ်လကုန်အထိဈေးနှုန်းများကို၁၀ရာခိုင်နှုန်းဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၀၁၀၄၇၀၊ ၀၁-၅၈၁၄၃၀ နှင့် ဖက်စ် ၀၁-၅၁၄၈၅၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပခုက္ကူ၌ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်

ပခုက္ကူ ဇန်နဝါရီ ၂၅

ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၁၉ ရက် နံနက်က ပခုက္ကူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ပူးပေါင်းဆောင်ရွက်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီနှင့် ကျေးရွာပြည်သူများအားတွေ့ဆုံ၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီသောစာကြည့်တိုက်ဖြစ်ရေး၊သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်ရေးနှင့် ကျေးရွာပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးပြောကြားပြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ ကန်တော်လေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြင်စု၏ အသက်(၈၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀ ကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်းသို့ လာရောက် ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။ (ရွှေမင်းသားဖောင်ဒေးရှင်း)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု သုံးခွမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ သုံးခွမြို့နယ် ကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ်အတွင်းရှိ နာတာရှည် ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ ဦးမျိုးသန့်၊ရန်ကုန်တိုင်းဒေသကြီးတီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းတို့က ကဏ္ဍအလိုက် တက်ရောက်ဆွေးနွေးတင်ပြကြသည်။

ကျန်းမာရေးစစ်ဆေး

ထို့နောက် အဆိုပါအဖွဲ့သည်သုံးခွမြို့ပေါ်ရပ်ကွက်များအတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးပြီး ဆေးဝါး၊အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပျဉ်ပုံကြီး အထက(ခွဲ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ ယခင်အလကတွဲဖက် အထကနှင့် အထက(ခွဲ)ကျောင်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အထက(ခွဲ) ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပူဇော်ပွဲသို့ စုံညီစွာ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြတ်ဆရာများအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးညွန့်တင် (ရန်ကုန်) ဖုန်း-၀၁-၅၄၀၉၁၇၊ ဦးဆောင်းတင် ဖုန်း-၀၁-၇၃၀၀၄၉၄၂၊ ဦးကျော်ဖုန်းမြင့် ဖုန်း-၀၁-၇၃၀၅၆၅၄၀၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၂၅၀၀၇၊ ဦးဉာဏ်မြင့်အောင် ဖုန်း-၀၅၂-၇၀၀၀၂၊ ကိုအောင်မျိုးနိုင် ဖုန်း-၀၅၂-၇၀၀၂၄၊ ကိုကျော်မင်းဦး ဖုန်း-၀၅၂-၇၀၀၉၁၊ ဒေါ်မူမူသိန်း ဖုန်း-၀၅၂-၇၀၀၆၉၊ ဒေါ်နီနီလွင် ဖုန်း-၀၅၂-၇၀၀၈၁နှင့် ပျဉ်ပုံကြီး အထက(ခွဲ) ကျောင်း ဖုန်း-၀၅၂-၇၀၁၀၁တို့ထံသို့ စာရင်းပေးဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၁၂၁)

ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည့် လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်ပွဲတွင် အသင်းဥက္ကဋ္ဌ ဦးကောင်းရင်က ပါရဂူဘွဲ့ရ ဒေါက်တာချိုမာကောင်းမြင့်နှင့် ဒေါက်တာခိုင်ခိုင်ကြည်တို့အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်A-3 တွင် ရေနံရှာဖွေရေးတွင်းမြ(မြောက်)တွင်းကို ရေနံတွင်းတူးစက် Semi - Sub Drilling Rig '' Hakuryu - 5'' ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Semi - Sub Drilling Rig '' Hakuryu - 5'' ဖြင့်တူးဖော်မည့် ရေနံတွင်း၏ တည်နေရာမှာ မြ(မြောက်) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇ ဒသမ ၂၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၄ ဒသမ ၄၉၅ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-3 တွင် မြ(မြောက်) ရေနံတွင်းကို ရေနံတွင်းတူးစက် Semi - Sub Drilling Rig '' Hakuryu - 5'' ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီး/ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ် အစည်းအဝေးတက်ရောက်ရန်အတွက် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chalermchai Sri-on ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၂ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Apirath Vienravi တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ရောက်ရှိ

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ အစည်းအဝေးကျင်းပမည့် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

ဆွေးနွေး

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ်အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chalermchai Sri-on တို့က ဦးဆောင်ပြီး ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကိစ္စ၊ မြန်မာအလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ထိုင်းအလုပ်သမားများနည်းတူ ရရှိခံစားနိုင်ရေး၊ ဘဝအာမခံချက်နှင့်အတူ လုံခြုံမှုရရှိရေး၊ ဖိနှိပ်ချုပ်ချယ်မှု၊ ခေါင်းပုံဖြတ်မှုနှင့် မတရားမှုများ ကင်းဝေးကာ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အားလုံး မှတ်ပုံတင်ခွင့်ရရှိကာ ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ရရှိကိုင်ဆောင်ခွင့်ရရှိရေးနှင့် မြန်မာအလုပ်သမားသစ်များ အောင်မြင်စွာ စေလွှတ်နိုင်ရေးကိစ္စများကို အဓိကထား၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ကျင်းပသည့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ နဝမအကြိမ်အစည်းအဝေး သဘောတူညီချက် မှတ်တမ်းလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်နှင့် ခြောက်ထပ်ကြီးဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့အပြင် ပြင်ဦးလွင်မြို့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်တို့သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ပြီး မဟာအံ့ထူးကံသာ ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကာ မန္တလေးမြို့၌ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အစည်းအဝေးကျင်းပ

မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး နဝမအကြိမ်အစည်းအဝေးကို ပြင်ဦးလွင်မြို့ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်တိုးနိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၂၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဟိုတယ် သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

Santini International Training Academy က Front Office Operation , Food & Beverage Operation နှင့် House-keeping Operation သင်တန်းများကို အခြေခံကာလတိုသင်တန်းများအပြင် Management Level အဆင့်အထိ သင်ကြားပေးကြောင်း သိရသည်။ TRAC (Hospitality Short Courses) များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး သင်တန်းပြီးဆုံးလျှင် နိုင်ငံတကာအဆင့်မီဟိုတယ်များသို့ အလုပ်သင်လုပ်ငန်းခွင် (On Job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် စာတွေ့လက်တွေ့ ကျွမ်းကျင်နိုင်ပြီး အာမခံချက် ပြည့်ဝသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကိုပါ ရရှိစေနိုင်မည် ဖြစ်သည်။

သင်ကြားပေး

Management Level သင်တန်းများမှာ အတွေ့အကြုံ တစ်နှစ်နှင့်အထက်ရှိသူများ သို့မဟုတ် TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရှိပြီးသူများ တက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့်သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလ ကြာမြင့်မည်ဖြစ်သည်။ လုပ်ငန်းခွင်ဝင်ရောက်နေသူများအတွက် ရုံးချိန်ပြင်ပ သင်တန်းများကို ဖွင့်လှစ်ပေးထားပြီး ထိရောက်သော စနစ်များဖြင့် သင်ကြားပေးကြောင်း သိရှိရသည်။

ဆက်သွယ် မေးမြန်းနိုင်

နိုင်ငံရပ်ခြားတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျောင်းတက်မည့်သူများ၊ ပြည်တွင်း ပြည်ပတွင် ဟိုတယ်အလုပ်ရရှိစေရန် ကြိုတင်ပြင်ဆင်ထားချင်သည့်သူများလည်း တက်ရောက်နိုင်ပြီး ကျောင်းအပ်ရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးဇရာဟိုတယ် ပထမထပ် (အလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၃၇၃၉ နှင့် ၃၈၃၇၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က အမက(၁၀) မင်္ဂလာဒုံ၌ ကျင်းပသော ပညာရေးစုံညီပွဲတော်တွင် မြို့နယ်အဆင့် စတုတ္ထတန်း သင်္ချာစွမ်းရည် ပထမဆုရ မသင်းသီတာစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦး ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဆရာတော်ဓမ္မဝရအရှင်ကုမာရ** ဟောကြားတော်မူသော တရားတော်
၆:၄၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၂)
၈:၄၀ Activities in the City မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ
၈:၅၀ ဟသင်္ာတစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲအခမ်းအနား
၉:၀၀ Parkway Health မှ ကင်ဆာရောဂါများဆိုင်ရာဆွေးနွေးခြင်း
၉:၃၀ အားကစားမြင်ကွင်းစုံ ဦးစိုးမြင့်လွင်၊ ဦးချစ်ဝင်းမောင်၊ ဝေမင်းမောင်
၁၀:၀၀ ပန်းပျိုးလက်များ
၁၀:၁၅ Industrial Talk ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)
၁၀:၄၀ **ဓာတ်ပုံထဲမှအမှတ်တရများ** အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၁)
၁၁:၀၀ သင်ယူလေ့လာဂီတပညာ (Left Hand Style) (Part 7)
၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (A 21 nex ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် Next Big Thing Fashion Gala)
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ Activities in the City Grace Beauty Spa & Fashion Shop ဆိုင်ဖွင့်ပွဲအခမ်းအနား
၁၂:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကရင်ငါးရံ့ ဆန်ပြုတ်၊ ဘောစကိုင်းမျှစ်နှသုပ်၊ အသားဖတ်ထောင်း)
၁၂:၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Unique Collection)
၁:၀၀ **ဆရာတော်ဓမ္မအရှင်ကုမာရ** ဟောကြားတော်မူသော တရားတော်
၂:၀၀ MRTV-4 သတင်း
၂:၂၀ **စကားနပန်း** နောက်ဆံတင်းတာကောင်းတယ်၊ နောက်ဆံမတင်းတာကောင်းတယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၅)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၂)
၄:၅၀ အလှအပနှင့်ဘဝအောင်မြင်မှု (အပိုင်း-၂) ပါမောက္ခဒေါက်တာချစ်စိုး၊ ဦးကိုကိုထွေး၊ ပန်းချီဝင်းဖေမြင့်၊ တင်မိုးလွင်)
၅:၀၀ **သီချင်းကောင်းကောင်း သီချင်းတောင်း**
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သင်ကြားရေးလမ်းညွှန် (M.C.T.S Myanmar Computer Training School)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၆)
၇:၁၅ Cartoon Show Time (ALPHA AND OMEGA)
၇:၅၀ လပြည့်ဝန်းသို့ တမ်းချင်းညရဲ့ ရင်ခုန်သံ
၈:၀၀ MRTV-4 သတင်း
၈:၃၀ Activities in the City (Yangon Media Group ၏ ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနား)
၈:၄၀ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (နွေးထွေးတဲ့မိသားစုအတွက် သံလွင်လမ်းက High View Villa)
၉:၀၀ **Celebrity Style** မယ်လိုဒီ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၃)
၁၀:၁၀ ဖန်တီးသူနှင့်အနုပညာ ချမ်းချမ်း (အပိုင်း -၂)
၁၀:၄၀ မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
၁၀:၅၀ ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION)
၁၁:၁၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင် ထူးတိုင်းရင်းဆေးလည်းပါဝင်
၁၁:၂၅ World of Knowledge (Mega Fish)
၁၂:၁၅ ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း- ၂)
၁၂:၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း
၁:၀၀ **လောကရဲ့ အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)
၁:၃၅ ထူးထူးခြားခြားသစ်ခေါက် ပန်းချီကား
၁:၄၅ **လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ** (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း -၂)
၂:၁၅ မြန်မာစာ၊ မြန်မာစကား
၂:၃၀ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၄:၃၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၄:၅၀ သာသနာပျိုးခင်း
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၂:၂၄	Liverpool- Fulham	ESPN (Live)

ဂြိုဟ်တုမိုးလေဝသတိမ်ပုံဖမ်းစက် စတင်အသုံးပြု မုန်တိုင်းများကို ကြိုတင်သိရှိ ထောက်လှမ်းနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၅

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နေ့စဉ်မိုးလေဝသအခြေအနေနှင့် မုန်တိုင်းခန့်မှန်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ကြိုတင်သတိပေးချက်များ ထုတ်ပြန်သည့်လုပ်ငန်းများ ပိုမိုတိုးတက်စေရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအစီအစဉ်ဖြင့် နေပြည်တော် ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန၌ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက် စတင်အသုံးပြုသည့် အခမ်းအနားနှင့် MTSAT Data Utilization Training သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေး ဗဟိုဌာန၌ကျင်းပရာ ရေးဦးစီးဌာ ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr. Hideo MIYAMOTO နှင့် တာဝန်ရှိသူများက ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်၊ Mobile Type Automated Weather Observation System (AWS) စက်ပစ္စည်းများ အသုံးပြုပုံနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်၍ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ **Mr. Hideo MIYAMOTO MTSAT Data Utilization Training** သင်တန်းဆင်း အောင်လက်မှတ်များကိုပေးအပ်စဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက်ကကျင်းပရာ ပဒေသာကပွဲ၌ ဆုရရှိသော ကျောင်းသူကလေးများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေမြင့် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ထုတ်ပြန်နိုင်မည်

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက လွှဲပြောင်းပေးအပ်သည့် ဂြိုဟ်တု မိုးလေဝသ တိမ်ပုံဖမ်းစက်သည် ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့မှ လွှတ်တင်ထားသည့် မိုးလေဝသ ဂြိုဟ်တုများမှပေးပို့သည့် သတင်းအချက်အလက်များနှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးစနစ်မှ ရရှိသည့် သတင်းအချက်အလက်များကို သင်္ချာပုံစံဖြင့် ကွန်ပျူတာဆော့ဖ်ဝဲလ်များအသုံးပြု၍ ဘင်္ဂလားပင်လယ်အော်၊ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းများကို ကြိုတင်သိရှိ ထောက်လှမ်းနိုင်မည့်အပြင် နေ့စဉ်မိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါ ဂြိုဟ်တုမိုးလေဝသ တိမ်ပုံဖမ်းစက်မှရရှိသည့် သတင်းအချက်အလက်များကို ရန်ကုန် (ကမ္ဘာအေး)နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မိုးလေဝသခန့်မှန်းရေးရုံးများသို့ အင်တာနက်ကွန်ရက် စနစ်ဖြင့်ချိတ်ဆက်၍ မိုးလေဝသခန့်မှန်းရေး လုပ်ငန်းများနှင့် လေကြောင်းမိုးလေဝသ ခန့်မှန်းရေး လုပ်ငန်းများတွင် တပ်ဆင် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ဘုရားကြီးကျေးရွာလမ်းဆုံ တြိဂံကျွန်းတွင် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ရွှေထားနှင့်အဖွဲ့ ဇန်နဝါရီ ၁၄ ရက်က မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဦးမိုးကျော် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

■ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးစည်ပင်

ဘားအံမြို့နယ် အတွင်းရေးမှူး ဦးချစ်ဝေက ကားကိုကျင်လည်စွာ မောင်းနှင်နေရင်း "ဘားအံမြို့ရွာအဆင့်ရှိတဲ့ ကာလကတည်းက ထုံးအိုင်က ရွာကြီးဗျ၊ ယဉ်ကျေးမှုအရလည်း ရှေးကျတယ်၊ အခု ကတ္တရာလမ်းကြီး ပြီးသွားတော့ ပိုပြီး ဖွံ့ဖြိုး စည်ပင်လာတော့မှာပေါ့ဗျာ"။

နေ့ချင်းပြန်ကျောင်းတက်

"ဟုတ်တယ်ဗျ၊ အရင်ကဆို ဘားအံမြို့က တက္ကသိုလ်တွေမှာ ပညာသင်ဖို့ ရွာက ကလေးတွေ မြို့မှာ ဘော်ဒါလာနေကြရတာ။ အခု ဒီကတ္တရာလမ်းကြီး ပြီးသွားတော့ ဘားအံကို နေ့ချင်းပြန်ကျောင်းလာတက်နိုင်ကြပြီ။ ကျောင်းကားလည်း နေ့စဉ်ရှိတော့ ပိုပြီး အဆင်ပြေသွားကြတာပေါ့"။

စိုက်ပျိုးရေးအထူးဇုန်ကြီးအလား

ထုံးအိုင်ကျေးရွာ ရွာလယ်လမ်းမှလွန်သော် ထုံးအိုင်၊ ဖအွံ့နှင့် ရေကျော်ကြီး ကျေးရွာအုပ်စုတို့မှ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ဆောင်းသီးနှံစိုက်ခင်းများက ဆီး၍ကြိုနေသည်။ စိုက်ခင်းဧရိယာမှာ အနည်းဆုံး ၁၀ မိုင် နီးပါးခန့်ရှိ၍ စိုက်ပျိုးရေး အထူးဇုန်ကြီး တစ်ခုအလားပင်။

အများအားဖြင့် မြေပဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်၊ ဂေါ်ဖီတို့ကို စီးပွားဖြစ် စိုက်ပျိုးထားသည်ကို တွေ့ရ၏။ တစ်ရွာလုံးနီးပါး ကိုင်းလုပ်ငန်းကို လုပ်ကိုင်ကြ၏။ ဈေးကွက်ပေါ်မူတည်၍ သီးနှံကို တိုးချဲ့စိုက်ပျိုးကြသည်။

နှစ်ကျော့ပြန်မြေပဲ

ထူးခြားချက်ကား ထုံးအိုင်နှင့် မိန်းမလှကျွန်းကျေးရွာတို့တွင် မြေပဲကို နှစ်ကျော့ပြန်၍ မြေပဲပြီး မြေပဲ စိုက်ပျိုးနိုင်ကြခြင်းပင်။

မြေပဲတစ်သီးကို စက်တင်ဘာလတွင် စစိုက်ပြီး နှစ်လခွဲအကြာ ဒီဇင်ဘာလအတွင်း အခွံမမည်းခင် နုတ်ကြ၏။ မြေပဲနောက်တစ်သီးကိုမူ ဇန်နဝါရီလတွင် ထပ်မံစိုက်ပျိုး၍ မတ်လတွင် ထပ်မံနုတ်ကြ၏။ ကုန်သည်တွေက စိုက်ခင်းထဲအထိ ကားနဲ့ဝယ်ကြတော့ ကြိုက်ဈေးရရှိတာပေါ့"။

မြေဩဇာကောင်းမွန်

မိမိတို့၏ လေ့လာရေးခရီးက မဆုံးသေး၊ ထုံးအိုင်မှ စက်လှေဖြင့် သံလွင်မြစ်ကိုဖြတ်၍ မကျီးကျွန်းကျေးရွာသို့ ဆက်ခဲ့ကြပြန်၏။ မကျီးကျွန်းဆိုသည့်အတိုင်း သံလွင်မြစ်နှင့် ဒုံသမိချောင်းကြားတွင် တည်ရှိ၏။ မြေဩဇာ အထူးကောင်းမွန်လှ၏။

မကျီးကျွန်းကျေးရွာ ပါဝင်သော ရေကျော်ကြီးကျေးရွာအုပ်စုတွင် မြေပဲ ၃၄၈ ဧက၊ ပဲမျိုးစုံနှင့် ဟင်းသီး ဟင်းရွက်များကိုလည်း စိုက်ပျိုးထားပြီး ထုံးအိုင်ကျေးရွာအုပ်စုတွင် မြေပဲ ဧက ၁၀၁၀၊ ပဲမျိုးစုံ ၂၁၄၈ဧကနှင့် ဟင်းသီးဟင်းရွက် ၂၉၈ ဧက စိုက်ပျိုးထားကာ မိန်းမလှကျွန်းကျေးရွာပါဝင်သော ဖအွံ့ကျေးရွာအုပ်စုတွင် မြေပဲ ၅၃၅ ဧက၊ ပဲမျိုးစုံ ၁၄၀၄ ဧကနှင့် ဟင်းသီးဟင်းရွက် ၃၀၇ ဧကတို့ စိုက်ပျိုးထားကြောင်းသိရသည်။

ကျော်လွန် စိုက်ပျိုးနိုင်

ဘားအံမြို့နယ် တစ်ခုလုံးအနေဖြင့်မူ ဇန်နဝါရီ ၁၄ ရက်အထိ စာရင်းအရ ၂၀၁၀-၂၀၁၁ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၅၁၀၂ အနက် ၁၄၅၁၁၇ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးလျာထားဧက ၅၈၀၄၁ အနက် ၄၈၇၇၅ ဧက၊ ဆောင်းမြေပဲလျာထားဧက ၁၄၁၃၅ အနက် ၁၄၃၄၇ ဧက၊ ပဲမျိုးစုံလျာထားဧက ၅၁၃၇၅ အနက် ၅၂၃၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှမ်း၊ နေကြာ၊ ကြံ၊ ငရုတ်၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်တို့ကိုလည်း လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း သိရ၏။

ကျုံဖဲ ဖရဲ

ခွဲကပင်မြေမှာ သီးနှံတွေလှိုင်လှိုင်ဖြာဝေမှုနှင့်အတူ လေ့လာစရာများ မကုန်နိုင်သေး။ သို့မို့ကြောင့် ဘားအံမြို့နယ် ကျုံဖဲရွာရှိ ဧကရာကျော် စိုက်ပျိုးထားသော ဖရဲစိုက်ခင်းကို နောက်တစ်ရက်စောစောမှ သွားရောက်လေ့လာဖြစ်ခဲ့၏။

ဈေးကောင်းရနေသည့် ဂေါ်ဖီထုပ်များကို ဈေးကွက်သို့ တင်ပို့ရန် ဤသို့ ရွေးချယ်ကြသည်။

တစ်ပိုင်တစ်နိုင်

ယခင်က ကျုံဖဲရွာတွင် မြေပဲနှင့် ပဲမျိုးစုံ၊သခွားနှင့် ပြောင်းဖူးတို့ကိုသာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။

ဧကရာကျော်

ယခုနှစ်တွင်မူ ကျုံဖဲရွာ၌ ဖရဲလျာထားဧက ၁၀၅ ဧကအနက် ၇၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဖရဲစိုက်နည်းရေးရာ ကျွမ်းကျင်သူ ၂၀ ကိုငှားထားပြီး ခေတ်မီစိုက်နည်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက် တန်းဝင်ဖရဲသီးလုံးရေ နှစ်သိန်းကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ယခုကတည်းက ကုန်သည်များပြည်ပသို့ တင်ပို့နိုင်ရန် လာရောက် စုံစမ်းမေးမြန်းလျက်ရှိကြောင်း၊ ကျုံဖဲရွာကို အတုယူ၍ ရွာနီးချုပ်စပ်တွင်လည်း ဖရဲများစတင်စိုက်ပျိုးလျက်ရှိကြောင်း ကြားသိခဲ့ရသည်။

ကူးပြောင်းလာခဲ့

နိုင်ငံတော်က ကျုံဖဲ-ကာတွန်းတာတူးမြောင်းဖောက်လုပ်ပေးခြင်း၏အကျိုးအာနိသင်က ဒိဋ္ဌမမြအကျိုးရရှိစေသည်။ ဖရဲကို စီးပွားဖြစ်စိုက်ပျိုးလာခြင်းဖြင့် ကျုံဖဲရွာသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအသွင်သို့ ကူးပြောင်းလာခဲ့ချေပြီ။

ချစ်သောခွဲကပင်

ဆိုရပါမူ ခွဲကပင်မြေမှာ သီးနှံတွေ လှိုင်လှိုင်ဝေဖြာမှုနှင့်အတူ ချစ်သောခွဲကပင်မြေသည် အနာဂတ်တွင် ပို၍ ပို၍ စိမ်းလန်းလာမည်၊ ပို၍ ပို၍ ငြိမ်းချမ်းလာမည်၊ ပို၍ ပို၍ သာယာဝပြောလာမည်မှာ ဧကန် အမှန်ပင်။ ။

ကျုံဖဲကျေးရွာမှ ဖရဲစိုက်ခင်းကို ဤသို့အားရဖွယ်တွေ့ရသည်။

ထုံးအိုင်ကျေးရွာအဝင် ကတ္တရာလမ်းမကြီးကား မျက်စိတစ်ဆုံး ဤသို့ ညီညာပြန့်ပြူးလှသည်။

အရောင်းအဝယ်တွင်ကျယ်

တောင်သူများက အထူးရွှင်လန်းတက်ကြွနေကြ၏။ "ယခုနှစ် ဂေါ်ဖီဈေးကောင်းလို့ တစ်ဧကကို အကျိုးအမြတ် တော်တော်ရကြပါတယ်။ ယခင်ကတော့ ရေလမ်းကိုပဲ အားကိုးနေရပြီး ယခု လမ်းကောင်းသွားတော့ အရောင်းအဝယ် ပိုတွင်ကျယ်လာတာပေါ့။



အလုပ်ရှင်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ ရှေးမြန်မာသူရဲကောင်းများ၏ စီမံခန့်ခွဲမှုပုံစံများ Seminar ကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပရာ Smart Technical Services မန်နေဂျင်းဒါရိုက်တာဦးကျော်ကျော်လှိုင်က ဟောပြောခဲ့ပြီး**(အောက်ပုံ)** CEO မဂ္ဂဇင်း၏ နှစ်စဉ်ကြေးပေးသွင်း ဖတ်ရှုသူများ၊ ကုမ္ပဏီအသီးသီးရှိ မန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း၊ ဤဆွေးနွေးပွဲအတွက် The Hotel @ Tharabar Gate နှင့် Pan တို့က ပံ့ပိုးကူညီခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၇။ မျိုးချစ်တပ်မတော်
၄:၃၅ ၈။ ရှေးဟောင်းသုတ
၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၁၀။ **ကောင်းခြင်းဝေဖြာ** (ဓာတ်လမ်းတို)
၄:၅၅ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅:၃၅ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၃)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၆။ Mail Box
၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၁)
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **တောသားလေးနှင့်ရန်ကုန်သူ** ကောင်းပြည့်၊ ရော၊ ခင်လှိုင် ကောင်းစံ၊ ချက်ကြီး၊ မိုးယုစံ၊ တက္ကသိုလ်ဝွမ်းပုံ (ဒါရိုက်တာ-စိန်လင်း) (ပုံရိပ်ရွှေမြေ)
၂၄။ Internet Website ကဏ္ဍ/ အိုင်စီတီသုတ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင်** (အပိုင်း -၅၀)
၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဇန်နဝါရီ ၂၃ ရက်က ကျင်းပသော စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်းမှ ပထမဆုရ ကျောင်းသူ မဇင်မာထွေးအား အမှတ် (၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ဆုချီးမြှင့်စဉ်။ (၁၁၉)

ဈေးများမီးဘေးအန္တရာယ် ရွှေဘို၌ ကြိုတင်ကာကွယ်

ရွှေဘို ဇန်နဝါရီ ၂၅

ရွှေဘိုမြို့နယ် မြို့မဈေးကြီးနှင့် အောင်ဇေယျဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇန်နဝါရီ ၁၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစန်းဦး၊ မြို့နယ်ရဲစခန်းမှူးနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သစ်ရပ်ကွက် ရေတွင်းတူးခြင်း၊ ရေကန်တည်ဆောက်ခြင်းနှင့် ရေမော်တာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခွန်မြင့်သောင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ငါ့သရောက်မြို့ အမှတ်(၁)ရပ်ကွက် မြောက်ကုန်း(၃)လမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက်က ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ တာဝန်ခံ ဦးတင်ရှိန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးနေလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(ခရိုင် ပြန်/ဆက်)

ရေးမြို့နယ် ဟံဂံကျေးရွာ ပန်းတောင်းတောင်ရှိ စိမ့်စမ်းရေသွယ် ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆရာစံလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၈ ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မြို့မ(၁)လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီတွင် ယာဉ်တိမ်းမှောက်

သာယာဝတီ ဇန်နဝါရီ ၂၅

*ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့ မိုင်တိုင်အမှတ် (၈၄/၅)နှင့် (၈၄/၆) အကြားတွင် ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီခွဲက ပြည်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ဟိုင်းလတ်အစိမ်းရောင် ခရီးသည်တင် ကားတစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ ယာဉ်မောင်း ဇော်သက်ဦး (ဘ) ဦးခင်ဝင်း အသက် ၂၈နှစ်မှာ နေရာတွင် သေဆုံးပြီး ယာဉ်နောက်လိုက် ကျော်နိုင်ဌေး (ဘ) ဦးဌေးဝင်း အသက် ၃၀မှာ ဦးခေါင်းနှင့်လက်တို့တွင် ဒဏ်ရာရရှိသဖြင့် သာယာဝတီဆေးရုံသို့ တင်ပို့ကုသခဲ့သည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ သာယာဝတီရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။**(၁၇၅)***

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိခြင်းများရှိခဲ့

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၅

ယာဉ်မောင်း အောင်နိုင်လွင် မောင်းနှင်သော ဟိုင်းလတ်ယာဉ်သည် ဇန်နဝါရီ ၁၈ရက် ည ၁၀နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် သိန်းနီ-ကွမ်းလုံကားလမ်း မိုင်တိုင်အမှတ် (၆/၁)နှင့် (၆/၂) အကြား၌ ဆိုင်ကယ်တစ်စီးနှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ဆိုင်ကယ်ပေါ်ပါရှိသူ နှစ်ဦးအနက် တစ်ဦးသေဆုံးပြီး တစ်ဦးပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့ပြင် ဇန်နဝါရီ ၁၉ရက် ည ၈ နာရီခန့်တွင် ပုသိမ်မြို့နယ် ပုသိမ်-ကန်ကြီးထောင့် ဓာတ်မြေသြဇာစက်ရုံသွားလမ်း၌ ဆိုင်ကယ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးပြီး နောက်မှလိုက်ပါလာသူ တစ်ဦး ဒဏ်ရာများရရှိသွားခဲ့ကြောင်း၊ အလားတူ ဇန်နဝါရီ ၂၀ရက် နံနက် ၂နာရီခွဲခန့်တွင် အမရပူရမြို့နယ် မန္တလေး- စစ်ကိုင်းလမ်း ဗားကရာကွေ့၌ ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိဆိုင်းဘုတ်ကို ဝင်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှ လိုက်ပါလာသူ နှစ်ဦးအနက် တစ်ဦးသေဆုံးကာ အခြားတစ်ဦး အနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မျက်နှာချင်းဆိုင်တိုက်

ထို့ပြင် ဇန်နဝါရီ ၂၀ ရက် ညနေ ၃နာရီ ၄၅မိနစ်ခန့်တွင် ချမ်းမြသာစည်မြို့နယ်၊ မန္တလေး-စစ်ကိုင်းကားလမ်း အာတီစီဝင်းရှေ့၌ ယာဉ်မောင်း အောင်မိုး မောင်းနှင်သော ဂျစ်ယာဉ်သည် လမ်းဘေးရှိ တယ်လီဖုန်းတိုင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်းသေဆုံးသွားခဲ့ကြောင်း၊ ထို့အတူ မွန်းလွဲပိုင်းတွင်ပင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ဗဟိုလမ်းနှင့် စိန့်ပေါက်ခေါက်ဆွဲဆိုင် လမ်းထောင့်၌ အိုက်စ် မောင်းနှင်သည့် ထော်လာဂျီယာဉ်နှင့် ဆိုင်ကယ်တစ်စီးတို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီး ဒဏ်ရာရရှိပြီး နောက်မှလိုက်ပါစီးနင်းသူ အမျိုးသမီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆောင်ရွက်သင့်

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရသည့်နည်းတူ ထော်လာဂျီမောင်းနှင်သူများ၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်သိရှိပြီး စနစ်တကျလိုက်နာသင့်ကြောင်း၊ မိမိတို့၏ အသက်တစ်ချောင်းမှာ ယခုကဲ့သို့ အမှတ်မထင် လွယ်လင့်တကူ ဆုံးရှုံးရခြင်း၊ မိမိတို့၏ပေါ့လျော့မှုကြောင့် အရေးယူခံရခြင်းနှင့် မိမိအား မှီခိုသူမိသားစုများအနေဖြင့်လည်း ကြေကွဲနာကျင်ရခြင်းတို့ကြောင့် အရှိန်ထိန်းမောင်းနှင်ခြင်း၊ စည်းကမ်းနှင့်အညီ မောင်းနှင်ခြင်း၊ သတိရှိခြင်း စသည်ဖြင့် လမ်းစည်းကမ်းဆိုင်ရာ အလေးထား လိုက်နာ ဆောင်ရွက်သင့်ကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဝေဖန် ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများအချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန။

26-1 (10).pmd 1 1/26/2011, 2:01 AM

ITF 14 & Under Asian Championships 2011 Group (2)

တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဘူတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊ စင်ကာပူ၊ West Asian ITF Team နှင့် အိမ်ရှင်မြန်မာတို့က နေရာယူကြကာ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ITF ၏ ကိုယ်စားလှယ် Mr. Suresh Menon က ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ နာယက ဦးဇော်ဇော်နှင့် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ပြိုင်ပွဲကျင်းပ

ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် နီလာဝင်း (မြန်မာ) က Hemba Waduge (သီရိလင်္ကာ) ကို နှစ်ပွဲပြတ်ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှု(၁) မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော စက်မှု(၁) မောင်မြန်မာ အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းက မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းတက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

တာလွှတ်ပေး

ရှေးဦးစွာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာစုရပ်၌ မြင်းခြံခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက လည်းကောင်း၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာစုရပ်၌ တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မွေးမွေးကိုက လည်းကောင်း သေနတ်ပစ်ဖောက် တာလွှတ်ပေးကြပြီး မြင်းခြံမြို့ မဏိကဥ္စနာခန်းမရှေ့၌ ပန်းဝင်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဦးအောင်သောင်းက အမျိုးသား/အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသူများအား ဆုငွေကျပ် ငါးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

စက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စုစုပေါင်း ဆုချီးမြှင့်ငွေမှာ ငွေကျပ် ၅၄ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၈ ရက်က တာမွေမြို့နယ် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တတိယတန်း (က) တွင် ဘက်စုံထူးချွန် ပထမဆုရရှိသူ မောင်ကိုကိုလင်းအား ကျောင်းအုပ်ဆရာကြီး ဦးကိုရီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောင်းကုန်း၌ အရန်သားဖွားသင်တန်းဖွင့်

ကျောင်းကုန်း ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးကျော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်း **(အပေါ်ပုံ)** တို့က အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းကာလမှာ မြို့နယ် ကျန်းမာရေးဌာနတွင် သုံးလ၊ ကျေးလက်ကျန်းမာရေးဌာနတွင်သုံးလ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူဦးရေ ၁၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်းတော်ကြီးရှိ သားငှက်တိရစ္ဆာန်များ နိုင်ငံတကာမှ လာရောက်လေ့လာလျက်ရှိ

မိုးညှင်း ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံတွင် အကြီးဆုံး ကုန်းတွင်းရေနေဒေသဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်ရှိ သဘာဝပတ်ဝန်းကျင် သားငှက်တိရစ္ဆာန်များကို နိုင်ငံတကာမှ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းထံမှ သိရသည်။

မျက်မြင်တွေ့ရှိ

မကြာမီက WATT Co., Ltd. မှ ဂျာမနီနိုင်ငံသား Mr. Fronk Momberg နှင့် ဗြိတိန်နိုင်ငံသား Mark Grindley တို့သည် အင်းတော်ကြီးကန်ပတ်လည်သို့ နှစ်စဉ်လာရောက်သော ဆောင်းခိုငှက်များနှင့် ရေဝေသစ်တောကြီးများအတွင်းရှိ တိရစ္ဆာန်များကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်အထိ ကြည့်ရှုလေ့လာ မှတ်တမ်းတင်ခဲ့ကြသည်။ ၎င်းတို့သည် ကမ္ဘာ၌ မျိုးတုံး ပျောက်ကွယ်လုနီးပါးဖြစ်သော ရှားပါးဒရယ်များကို အင်းတော်ကြီးဘေးမဲ့တော အင်းအရှေ့ဘက်ကမ်း မနခေါကျေးရွာအနီးတွင် မျက်မြင်တွေ့ရှိခဲ့ကြကြောင်း သိရှိရသည်။ (၀၀၂)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇန်နဝါရီ ၈ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရတနာပုံကို အာခံသူစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅



စာရေးဆရာ ကောင်းထက်၏ ရတနာပုံကို အာခံသူစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် ကုန်းဘောင်ခေတ်နှောင်းကာလဖြစ်သော ဘကြီးတော်မင်းလက်ထက် မင်းပြစ်ဒဏ်သင့်ရသည့် နန်းမတော်မယ်နု အရေးအခင်း၊ နန်းမတော်မမြကလေး၏ ကြေကွဲဖွယ်အဖြစ်တို့မှ စတင်ပြီး ရတနာပုံနေပြည်တော်ကြီး တိုးတက်ထွန်းကားလာပုံ၊ ကနောင်မင်းသား၏ စွမ်းဆောင်မှုတို့ကို သိသာထင်မြင်အောင် ရေးသားတင်ပြထားသည်။

မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏ ဆက်နွှယ်မှု၊ ကနောင်မင်းသား လုပ်ကြံခံရသည့်အခါပေါ်လာသည့် နောက်ဆက်တွဲပြဿနာတို့လည်း ပါဝင်သည်။

သမိုင်းတွင် လူပွေ၊ လူတေ၊ အရက်သမားဟု ထင်ရအောင် နာမည်ဖျက်ခံရသော ပန်းတိမ်မင်းသား၏ ပြတ်သားရဲရင့်သည့်စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်ကို ဖော်ညွှန်းပြီး သမိုင်းထဲမှ သင်ခန်းစာယူစရာများကို တင်ပြထားသည်။

ဝယ်ယူရရှိနိုင်

သမိုင်းဖြစ်ရပ်မှန်များ ရေးသားထားသည့်စာအုပ်ကို မိုးကျော်သူစာပေမှ ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် စာအုပ်ဆိုင်တိုင်းနှင့် ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

ဒီဇင်ဘာ ၁၈ ရက်က နန်းယွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသန့်ရှင်းမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဌေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း နိုင်ငံတကာ စီးပွားရေးသတင်း

မြင့်မောင်စိုး - ရေးသားသည်

တိုယိုတာနှင့် ဂျီအမ်ကားကုမ္ပဏီတို့ အားပြိုင်ခဲ့သည့် ၂၀၁၀

တိုကျို ဇန်နဝါရီ ၂၅

တိုယိုတာကုမ္ပဏီသည် ၂၀၁၀ ခုနှစ်အကုန်တွင် ကမ္ဘာ့နိုင်ငံအချို့မှ မော်တော်ကားများ ပြန်သိမ်းပြုပြင်ပေးရမှုများ ရှိခဲ့သည်။ သို့သော် ယနေ့တိုင် ကမ္ဘာ့အကြီးဆုံး ကားထုတ်လုပ်သည့် ကုမ္ပဏီအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ရောင်းချနိုင်ခဲ့

အဆိုပါ ဂျပန်ကားထုတ်လုပ်ရေး တိုယိုတာကုမ္ပဏီသည် ၂၀၁၀ ခုနှစ်အတွင်း ကားစီးရေ ၈ ဒသမ ၄၂ သန်းအထိ ရောင်းချနိုင်ခဲ့သဖြင့် အမေရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဂျင်နရယ်မော်တော်ကားကုမ္ပဏီ(ဂျီအမ်)၏ ကားစီးရေ ၈ ဒသမ ၃၉သန်း ရောင်းချခဲ့ရမှုထက် ကျော်လွန်ခဲ့သည်။

တိုယိုတာ၏ ကားရောင်းချမှုတွင် ဟီးနိုးကားများလည်း ပါဝင်သည်။ ထို့ပြင် ဂျပန် ဒိုင်ဟတ်ဆုကားထုတ်လုပ်ရေးကုမ္ပဏီသည်လည်း ၂၀၀၉ ခုနှစ်မှစပြီး တရုတ်နှင့် အာရှနိုင်ငံများက ဝယ်လိုအားများခဲ့သဖြင့် ရှစ်ရာခိုင်နှုန်း ရောင်းအားမြင့်တက်လာသည်။ **စာမျက်နှာ ၃ ကော်လံ ၃** ◆

အမေရိကန်နိုင်ငံ အော်ဂတ်စတာမြို့ရှိ တိုယိုတာကားအရောင်းပြပွဲမှ မော်တော်ကားများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဇန်နဝါရီ ၂၅

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

ကြည်လင်ပြတ်သား

အဆိုပါစက်ရုံမှ လွှင့်အား ဝပ် ၃၀၀ လှိုင်းနှုန်း (UHF Channel J-13) ဖြင့် ဇန်နဝါရီ ၂၀ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၂၅-၁-၂၀၁၁

နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ် မိုးရေချိန် ၂၅-၁-၂၀၁၁

မြိတ်မြို့	၀ ဒသမ ၁၂ လက်မ